

# နာတာရှည်ဆေးရုံဝန်ဆောင်မှုကို ဘယ်လိုရွေးချယ်မလဲ

## ဆွေမျိုးများ သို့မဟုတ် ယုံကြည်ရသည့် မိတ်ဆွေများထံတွင် တီးခေါက်ကြည့်ခြင်း

နာတာရှည်ဆေးရုံဝန်ဆောင်မှုကောင်းကို ရှာတွေ့နိုင်မည့် အကောင်းဆုံးနည်းလမ်းတစ်ရပ်မှာ တစ်ဆင့်စကား၊ တစ်ဆင့်နားဖြင့် သိအောင် လုပ်ခြင်းဖြစ်သည်။ နာတာရှည်ဆေးရုံဝန်ဆောင်မှုရယူစဉ် ၎င်းတို့ကြုံတွေ့ခဲ့ရသည်များရှိမရှိကို ဆွေမျိုးများ သို့မဟုတ် ယုံကြည်ရသည့် မိတ်ဆွေများအား တီးခေါက်ကြည့်ပါ။

## သင့်ကင်ဆာအထူးကုဆရာဝန် သို့မဟုတ် အခြားသောကျန်းမာရေးစောင့်ရှောက်မှုပံ့ပိုးသူများအား မေးမြန်းကြည့်ခြင်း

သင့်ဆရာဝန်ကလည်း နာတာရှည်ဆေးရုံဝန်ဆောင်မှုတွင် သက်မွေးကျွမ်းကျင်ပညာရှင်အဖြစ် ၎င်းတို့ကြုံတွေ့လာသည့် အတွေ့အကြုံများကို မျှဝေရန် ပြောလာနိုင်ပါသည်။ သူနာပြုများနှင့် လူမှုဝန်ထမ်းများကဲ့သို့သော ကျန်းမာရေးစောင့်ရှောက်မှုပံ့ပိုးသူများကလည်း သင့်လူမှုအသိုက်အဝန်းအတွင်းရှိ ဆေးရုံနာမည်များကို သိရှိနေနိုင်ပြီး သင့်ကို ပြောပြလောက်ပါသည်။

## အချို့သော နာတာရှည်ဆေးရုံများကို အင်တာဗျူးကြည့်ပါ

နောက်ထပ်အချက်အလက်များကို သိရှိရစေရန်အတွက် နာတာရှည်ဆေးရုံတစ်ရုံ၊ နှစ်ရုံသို့ သွားရောက်ရန် ရက်ချိန်းစီစဉ်နိုင်သည်။ နာတာရှည်ဆေးရုံဘက်ကလည်း သင်တို့မိသားစုနှင့် တွေ့ဆုံပေးရန်အတွက် တစ်ယောက်ယောက်ကို လွှတ်လာနိုင်ပါသည်။ ထိုသို့တွေ့ဆုံသောအခါတွင် ၎င်းတို့ဘက်က ပံ့ပိုးပေးရန်ရှိသည့် ဝန်ဆောင်မှုများကို သင့်အား ပြောပြပေးနိုင်မည်ဖြစ်ပြီး သင့်မေးခွန်းများကိုလည်း ဖြေဆိုပေးနိုင်ပါမည်။ ၎င်းအတွက် အခကြေးငွေယူမည်မဟုတ်သော်လည်း အင်တာဗျူးလုပ်ပြီးနောက်တွင် ဆေးရုံတစ်ခုခုကို မဖြစ်မနေရွေးချယ်ရန် တာဝန်တစ်ရပ်လို မခံစားသင့်ပါ။ နာတာရှည်ဆေးရုံသို့သွားရောက်ခြင်းသည် သင်တို့မိသားစုအတွက် အရေးအကြီးဆုံးဖြစ်မည့် အချက်ကို စဉ်းစား၍ရအောင် ကူညီပေးနိုင်ပါသည်။ နာတာရှည်ဆေးရုံတစ်ခုခုသို့ သွားရောက်ရန် စီစဉ်ခြင်းမပြုမီ ၎င်းတို့၏ဆေးရုံသည် သင့်အာမခံနှင့် အကျုံးဝင်ခြင်းရှိမရှိကို ၎င်းတို့က ပြောပါလိမ့်မည်။

## နာတာရှည်ဆေးရုံသို့ မေးမြန်းနိုင်သည့် မေးခွန်းများ

- ပြုစုစောင့်ရှောက်မှုအစီအစဉ်ကို ဘယ်လောက်အထိမြန်အောင် ရေးဆွဲနိုင်မလဲ။
- ပုံမှန်ရုံးချိန်နောက်ပိုင်း သို့မဟုတ် ကြားရက်များနှင့် ပိတ်ရက်များတွင် ဖြေကြားပေးချိန်ကို ဖော်ပြပေးပါ။
- နာကျင်မှုဝေဒနာကို အိမ်တွင် နိုင်နိုင်နင်းနင်းထိန်းချုပ်နိုင်ခြင်းမရှိတော့သောအခါတွင် နာတာရှည်ဆေးရုံဘက်က ဘာလုပ်ပေးလို့ရလဲ။
- ဆေးမတိုးတော့သည့် နာကျင်ကိုက်ခဲမှုဝေဒနာများ သို့မဟုတ် အခြားလက္ခဏာများကို နာတာရှည်ဆေးရုံက ဘယ်လိုတုံ့ပြန်မှာပါလဲ။
- နာတာရှည်ဆေးရုံက မပံ့ပိုးပေးသည့် ဝန်ဆောင်မှုများ၊ ဆေးဝါးများ သို့မဟုတ် ကိရိယာများရှိပါသလား။
- နာတာရှည်ဆေးရုံက ဆေးမှာသည့်အခါတွင် မည်သည့်အချိန်တွင် သွားယူ၍ရမှာပါလဲ သို့မဟုတ် ဆေးရုံက ပို့ပေးပါမည်လား။
- မည်ကဲ့သို့သော အိတ်စိုက်ကျခံမှုမျိုးကို မျှော်လင့်ထားပါသလဲ။
- နာတာရှည်ဆေးရုံအဖွဲ့ဝင်က လာရောက်သည့် အကြိမ်ရေနှင့် အကြိမ်အများစု၏ကြာချိန်ကို ဖော်ပြပေးပါ။
- နာတာရှည်ဆေးရုံက မိသားစု သို့မဟုတ် ပြုစုစောင့်ရှောက်သူများအား သင်တန်းပေးလေ့ကျင့်ပေးရန် ရှိပါသလား။
- နာတာရှည်ဆေးရုံက မိသားစု သို့မဟုတ် ပြုစုစောင့်ရှောက်သူများအား နားချိန်ပေးပါသလား။ မည်သို့ပေးပါသလဲ။
- နာတာရှည်ဆေးရုံမှ စေတနာ့ဝန်ထမ်းများက မည်ကဲ့သို့သော အကူအညီများကို ပံ့ပိုးပေးပါသလဲ။ စေတနာ့ဝန်ထမ်းထံမှ အကူအညီတောင်းရင် ဘယ်လိုတောင်းရပါသလဲ။
- နာတာရှည်ဆေးရုံသည် ပြုစုစောင့်ရှောက်မှုအရည်အသွေးကို တိုင်းတာပါသလား။ တိုင်းတာမှုအချက်အလက်ကိုမျှဝေခြင်းပြုနိုင်ပါသလား။
- နာတာရှည်ဆေးရုံသည် ကျန်ရစ်သူအား ထောက်ပံ့ပေးပါသလား။
- လူနာသည် ဆေးရုံ၏စောင့်ရှောက်မှုအောက်တွင် ရှိနေစဉ် ဆေးရုံဥပစာအတွင်းမှ ထွက်ခွာသွားနိုင်ပါသလား။

MOQC
MICHIGAN ONCOLOGY QUALITY CONSORTIUM

Blue Cross Blue Shield of Michigan

Nonprofit corporations and independent licensees of the Blue Cross and Blue Shield Association